# ဇယ်ခမ်းကျေးရွာ

ခတ်ချိုကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ဇယ်ခမ်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဝိုင်းမော်မြို့နယ်၏ အကူညီဖြင့် ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊

၁။စကားချီး ၃

၂။သယံဇာတပြမြေပုံ ၅

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၆

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အပဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၅

(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၁၈

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၁၉/၂၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုး မှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း

(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇယ်ခမ်းကျေးရွာ
ဝိုင်းမော်မြို့နယ်

ဇယ်ခမ်းကျေးရွာ အခြေပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ် ကိန်းဂဏန်း၊သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်း ချက် များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက် များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ် ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီ အစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့ အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂)ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာအုပ်စုတွင် ပါဝင်ပြီး ခတ်ချိုကျေးရွာအုပ်စုနှင့် (၇)မိုင်ခန့်အကွာတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ကျေးရွာချင်းဆက်လမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး ကျေးရွာ အတွင်းရှိ လမ်းများသည် မြေသားလမ်းနှင့်သဲကျောက်လမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရေး အလွန်ခက်ခဲပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်သာ လုပ်ကိုင်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ (၈၀ မှ ၁၀၀)ဝန်းကျင်ရှိပြီး စိုက်ပျိုး ရေးအတွက် အသင့်တင့်အထောက်အကူပြု သည်။ကျေးရွာတည်ရှိရာသည် မြေပြန့်ပိုင်းတွင် တည်ရှိပြီး ကျေးရွာအနီးတွင် အင်း၊အိုင်၊ ချောင်းများတည်ရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဒေသဖြစ်သည်။လယ်ယာမြေများသည် စပါး၊ပဲ၊ပြောင်း၊ နှမ်း၊ပန်းနှမ်း၊ မုန်ညင်း တို့နှင့် အသက်မွေးဝမ်း ကျောင်းတို့ အတွက် အဓိကအားထားရာသည် စိုက်ပျိုးရေးဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်တင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာ မိုးရာသီတွင်မိုးရေဖြင့် စပါးစိုက်ပျိုးကြပါသည်။ မြေအောက် ရေအသုံးပြုမှုနည်းပါးပါသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာလယ်ယာမြေ (၄၅၀)ဧကရှိပြီး စပါး၊ ပြောင်း နှင့်နှမ်းတို့ကို အဓိကစိုက်ပျိုးကြသည်။

## (၃)ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်

အိမ်ထောင်စုပေါင်း(၁၅၀)စုရှိပြီး ကျား(၂၈၈)ဦး၊မ(၃၆၃)ဦးဖြင့် စုစုပေါင်းလူဦးရေ(၆၄၈)ဦး ရှိကာ တစ်အိမ် ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်စုပျမ်းမျှနှုန်း(၅)ဦး ညီမျှသည်။ ကျေးရွာတွင် လီဆူးလူမျိုးများနေထိုင်ကြပြီး အလုပ်အကိုင် လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေပေါင်း၏ (၆၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့် သင်ကြားပေးခြင်း မရှိပါ။ ဒေသစီးပွားရေးကို တိုးတက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိပါ။ အလုပ်လုပ် နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများသည်။ကျေးရွာတွင် လယ်ယာမြေများ စိုက်ပျိုး ပြီးချိန်တွင် အနီးရှိစိုက်ပျိုးခင်းများတွင် နေ့စားလုပ်ကိုင်သူများလည်း ရှိပါသည်။

### (ခ)စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၄၀%)သည် ဆင်းရဲနှင့်အလွန် ဆင်းရဲအိမ်ထောင်စုအဖြစ် ခံယူကြီးပြီး(၁၀%)သည် ချမ်းသာသည့် အဆင့်၊(၅၀%)သည် အလယ်အလတ်အဆင့်

ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုအနည်းငယ်နှင့် စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအခြေအနေ မှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ အဆင်ပြေသော လယ်သမား အိမ်ထောင်စုနှင့် အခြားလယ်သမား အိမ်ထောင်စုအချို့တို့မှာလည်း လက်သမား၊ပန်းရံ၊ စပါးကြိတ်စက်၊သစ်ခွဲစက်စသော အသေးစားအိမ်တွင်းလုပ်ငန်း များတွင်လည်း ပါဝင် ဆောင်ရွက်ကြသည်။ငွေချေးသော အိမ်ထောင်စု အချို့လည်း ငွေကြေးအသင့်တင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားအနည်းငယ်နှင့်မြေယာမဲ့အိမ်ထောင်စုအနည်းငယ်ပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် နည်းပါးပြီး ဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများလည်း ရှိကြပါသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအနည်းငယ်ရှိသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် စာရင်းငှားအဖြစ်သော်လည်းကောင်း၊ နေ့စားအဖြစ်သော်လည်းကောင်း အလုပ်အကိုင်ရှာဖွေ ရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ သည် နေ့စားလိုက်ပြီး ရှာဖွေစားသောက်ကြပြီး အချို့အိမ်ထောင်စုများမှာ သူတစ်ပါးထံမှ ချေးငှါးပြီး နပ်မှန်အောင် စားသောက်ကြရပါသည်။ အကြွေး တင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၅၀၀၀၀ကျပ် မှ ၁၅၀၀၀၀၀ကျပ် ) ထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ (၁%)သည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုမှာ ဆင်းရဲကာ မိသားစုအနည်းငယ်ရှိကြသည်။အလားတူအိမ်ထောင်ဦးစီးဖြစ်သော မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု(၂)စုသည် ဆင်းရဲပြီး ထိခိုက် လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။ အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၂၄)ဦးတို့ ဖြစ်ကြသည်။ကျေးရွာပြင်ပသို့ သွား ရောက်ပြီးဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ၊အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲမှုအန္တရာယ်တို့ရှိတတ်ကြသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါများမှာ ယခု နှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ မရှိကြပါ။ ကျေးရွာအနေဖြင့် အခြေခံကျန်း မာရေးစောင့်ရှောက်မှု

ရရှိရန် (၇)မိုင်ခန့်ကွာဝေးသော ခတ်ချိုကျေးရွာအုပ်စု ကျေးလက်ဆေးပေးခန်းနှင့် မြို့နယ်ဆေးရုံများသို့ သွားရောက်ကုသမှုခံယူရပါသည်။

ကျေးရွာတွင် ရေတွင်းနှင့်လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူရရှိကြပြီး ဝမ်းပျက်ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင်စသော ရောဂါများ ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရှိရသည်။

## (င)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလွန်နိမ့်ပါးကြောင်း တွေ့ရှိရသည်။ အခြေခံအရေး၊အဖတ်၊အတွက် မူလ တန်းအဆင့်ပြီးမြောက်သူများပြားကြပြီး ဘွဲ့ရအရေအတွက် နည်းပါးသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို ရွာထဲရှိ အလယ်တန်းတန်း(ခွဲ)ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြပြီး အထက်တန်းကျောင်းကို ခတ်ချိုကျေးရွာသို့ သွားရောက်သင်ယူရပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။အခြားမြို့ရှိ ကျောင်းများသို့ သွားရောက်သင်ယူရသည်။အသက်မွေးဝမ်းကျောင်းအနေဖြင့် နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိကြသည်။ကျား-မရေး ရာ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စရပ်များ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးများအတွက် နည်းပြီး အလယ်တန်းအဆင့်တွင်လည်း ကျားအရေအတွက်က ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်သူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့စားလုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျှော့ နည်းပြီး ရကြသည်။ကျေးရွာတွင် ဖွဲ့စည်းထားသော ဘာသာရေး၊လူမှုရေးအဖွဲ့အစည်း တွင် အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေနှင့် တန်းတူရှိသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းကြောင်း တွေ့ရပါသည်။ ကျား-မ တန်းတူဖွံ့ဖြိုးမှု နှင့် အသိ ပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းမရှိပါ။ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းမရှိပါ။ ဘာသာရေးအဖွဲ့မှ သာရေး၊နာရေးနှင့်ဖွံ့ဖြိုးရေးကိစ္စအပါ အဝင် လုပ်ငန်းများကို ဆောင်ရွက်ပေးလျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြ သည်။ အသေးစားငွေစုငွေချေးလုပ်ငန်းများကို အဖွဲ့အစည်းဖွဲ့၍ တစ်နိုင်တစ်ပိုင် လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါအဖွဲ့အစည်းဆိုင်ရာ သဘောတရားနှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ)သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊မုံညှင်း၊နှမ်းနှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက (၄၅၀) တစ်ဧကရှိ ပျမ်းမျှအထွက်နှုန်းမှာ (၂၅)တင်း၊ ပြောင်း(၁၈)တင်း၊နှမ်း(၆)တင်းနှင့် မုံညှင်း (၂၀)တင်း နှုန်း ထွက်ရှိပါ သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေး ပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ အနည်းငယ်ရရှိပါသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အုပ်ခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ အချို့တောင်သူများမှာ အလုပ်သမား ရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တတ်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပတ်စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရသည်။မုန်ညှင်းစိုက်ခင်းများတွင် ဖျက်ပိုး ကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူ များအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေး နည်းစနစ်ကို လိုလားနေကြကြောင်း တွေ့ရပါသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုအရေအတွက်မှာ ၉၀%ဝန်ကျင်ခန့် ရှိပြီး ဒေသဝက် အမျိုးများကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံးနီးပါးဖြစ်ပြီး ဈေးကွက်တွင် ဝယ်လိုအားနည်းပါးသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများဖြစ်၍ အထူးသဖြင့် ကြက်လည်လိမ် ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့်သေဆုံးပျက်ဆီးမှု များရှိသည်။ နည်းပညာဝန်ဆောင် မှု မြို့နယ်မွေးမြူ ရေး နှင့်ကုသရေးဦးစီးဌာနမှ မရရှိသေးပါ။မွေးမြူရေးလုပ်ငန်းပိုင်ဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများသာဖြစ်သောကြောင့် မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန် နည်းပညာနှင့် ငွေ ကြေးအရင်းအနှီးများ အလွယ်တကူ မရှိနိုင်ကြပါ။

## (ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ် များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊တောလိုက်ကွင်းထောင်၊ခြင်းရက်၊ငါးဖမ်း၊မြင့်ခွာရွက်ရှာ၊ မီးသွေးဖုတ် စသောလုပ် ငန်းများ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအခြေအနေမှာ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်ပေါ်များပြီး ကျန် အချိန် များတွင် ဝင်ငွေမမှန်ခြင်းကြောင့် ဝင်ငွေရလုပ်ငန်းများ နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေးများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများ (အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်းနှင့် ဝပ်လျှော့)စသည့်တို့ရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန် အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ငွေကြေး အဆင်မပြေသော အိမ်ထောင်စုအချို့ သာ အပ်ချုပ်စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေအကုန် အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

## (ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် မုန်ညှင်းစိုက်ခင်းများ၌ ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူ များအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## (င)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် ထုတ်ချေးသောချေးငွေ ကို(၁)နှစ် အတိုးနှုန်း(၅)ကျပ်တိုး၊(၁)ကျေလျှင် တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာ ရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိ ရပါသည်။ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများအားလုံးသည် အကြွေးယူ ထားကြပြီး အကြွေးတင်ငွေ (၂၀၀၀၀ မှ ၅၀၀၀၀၀ကျပ်) အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်း (၁)ကျောင်းရှိပါသည်။ ကျောင်းဆောင်၏အခြေအနေမှာ ကောင်းမွန်ကြောင်းနှင့် အိမ်သာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာသားအားလုံးမှာ ရေးတတ်၊ဖတ်တတ်ကြသည်။ရွာသား အများစုမှာ မူလတန်းပညာသာ ပြီးဆုံးပါသည်။ အလယ်တန်း(ခွဲ) ကျောင်းတွင် ကျောင်းသား/သူဦးရေမှာ (၂၀၅)ဦးရှိပြီး သင်ကြား ပေးသော ဆရာ/မအင်အား လုံလောက်မှုရှိပါသည်။ကျောင်းဖွင့်ချိန်တွင် ပညာရေးဌာနမှ အခမဲ့ပုံနှိပ်စာအုပ် နှင့် ဗလာစာအုပ်များကို ပံ့ပိုးပေး ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းမရှိပါ။သောက်သုံးရေအတွက် ရေတွင်းနှင့်ရေဘုံဘိုင်ကို သုံးစွဲ ကြပြီး ရေလုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါးခန့်မျှ ယင်လုံအိမ်သာအသုံးပြုကြသဖြင့် ရေကြောင့် ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအက များဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင် ၂၀၁၁ခုနှစ်က မြို့နယ်စည်ပင်မှ မြေသားလမ်း ၅မိုင် ဖောက်လုပ်ခဲ့ပြီး ကျောက်ခင်းလမ်းကို ကိုယ်ထူကိုယ်ဖြင့် ခင်းထားပါသည်။ ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာရ ခက်ခဲပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးတို့အတွက် စက်ဘီး(၂၀)စီး၊မော်တော်ဆိုင်ကယ်(၁၆၅)စီး၊သုံးဘီး (၅)စီး၊ထော်လာဂျီ (၁)စီးနှင့်ကား(၈)စီး တို့ကို အသုံးပြုလျှက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ဆက်သွယ်ထားရှိပြီး ကျေးရွာအိမ်ထောင်စု အားလုံး၏ အိမ်ထောင်စု(၁၄၀)ခန့် သွယ်တန်းအသုံးပြုပြီးဖြစ်သည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီသလောက် အသုံးပြု နိုင်ကြ သည်။အင်တာနက်အသုံးပြုမှုမှာ အနည်းငယ်သာ ရှိသည်။တစ်ရွာလုံးအတိုင်းအတာဖြင့် ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ပါသည်။

(ဈ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့ စေသည်။သို့သော်ရွာသားများသည်တယ်လီဖုန်းကို ဆက်သွယ်ရေးအတွက် လိုအပ်သလို အသုံး ပြုပြီး သတင်း အရင်းအမြစ်အတွက် ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက် ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ်လျှော့ချရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါး သည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ**

လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ရရှိသောအိမ်ထောင်စုများသည် လျှပ်စစ်မီးကို အသုံးပြုနိုင်ပြီး မီးဖိုချောင် ချက်ပြုတ်ရေးတွင် ထင်းသက်သာစေ ပြီး အချို့အိမ်ထောင်စုများမှာလည်း ထင်းများကိုသာ အသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။လျှပ်စစ်မီး ရရှိခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေး ပြီး ကျောင်းသူ/သားများ အတွက် စာကျက်ချိန် တွင် အဆင်ပြေစေပြီး အိမ်တိုင်းအတွက် ဖယောင်းတိုင်ဝယ်ယူနှုန်း သက်သာသွားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး မိဘများ၏ အလုပ်များကို ကူညီကြပြီး လယ်ယာ တောင်ယာများထဲမှာ အချိန်ကုန်ဝမ်းစာအတွက် ကြိုးစားနေကြောင်း တွေ့ရပါသည်။ ဘွဲ့ရအရေအတွက်မှာ အလွန်နိမ့်နေသည်ကို တွေ့ရှိရသည်။ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာ လူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်း များနှင့် ဝန်ဆောင်မှုများတို့လည်း အလွယ်တကူ ရရှိနိုင်ပါသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်နေရသော ဆေးဝါး ကုသလိုမှုအတွက်လည်း ခတ်ချိုကျေးရွာဝိုင်းမော်မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက် ကောင်းသော အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အတင့်ကောင်းမွန်သည်။တောင်သူများမှာလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် ကျေးရွာလူထုများသည်မြို့သို့ သွားလာ သောလမ်းမှာ ကွန်ကရစ်လမ်းဖြင့် သွားလာနေပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ရွာတွင်းလမ်းသည် မြေသားလမ်းနှင့်ကျောက်ခင်းလမ်းဖြစ်သောကြောင့် ကျေးရွာထွက်ကုန်များ အလွယ်တကူ တင်ပို့ ရောင်းချနိုင်ခြင်း မရှိပါ။ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းရှိသော်လည်း ကြက် နှင့်ဝက်ကို တိုးချဲ့မွေးမြူရန်အတွက် အခွင့်အလမ်းသာသည်။သို့သော

မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်း ပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကို ရရှိလျှင် ပိုမိုကောင်းမွန်လာနိုင်ပါသည်။ ကျေးရွာတွင် ရာဇဝတ် မှုခင်းဖြစ်ပွားမှုနည်းပါး ပြီး တည်ငြိမ်အေးချမ်းပါသည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအတွက် အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရမည်ဖြစ်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိ၍ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရသည်။

၆။**ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလ အတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြား နေရာများနှင့်ချိတ်ဆက်ပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကား လာရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ

နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်း တက်ထားသူများမှတစ်ဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊မော်တော်ဆိုင်ကယ် ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက်ရောက် နိုင်ရန် စီစဉ်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်၊ စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း၊ ဆရာမနေအိမ်ဆောက်လုပ်ခြင်း၊ အားကစားကွင်းပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်များ၏ အရည် အချင်းကို တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲ ထပ်မံတိုးမြှင့်ပေးရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့် ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လိုအပ်သော ကျေးရွာ၏အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန် ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်း သိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြ မည်။ကျေးရွာလူမှုအဖွဲ့အစည်း များကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည် များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင် ရွက်မည်။

## ၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေး ရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြ ထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင် ကြပါသည်။

### (က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည် ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ် ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွား

နိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် ပြောင်းကို သီးထပ်အဖြစ် စိုက်ပျိုးသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို တောင်သူများအတွက် သီးနှံပျက်ဆီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများ အပါအဝင်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်မှုပေးရန် လိုအပ်သည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားများသည် စိုက်ပျိုးရေးနှင့် အသေးစားလုပ်ငန်းရှင်များအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေရရန်လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ် သမဝါယမအသင်းမှ ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ)**ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြားနေသောလုပ်ငန်း(ကုန်ထုတ်ခြင်း၊စက်မှုလက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ၊ယခုအခါ အဆင့်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိ အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရန် ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်၊ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေး လုပ်ငန်း စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလဖော်ထုတ်၊ ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ် ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲ ထား သည့်(၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက် ပါ က အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင် လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနား လည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စု သတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ် ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်–

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များ နှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အစည်းအဝေးတွင် သဘောတူသတ်မှတ်ထား သော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ | | | | | |
|---|---|---|---|---|---|
| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက် | မှတ်ချက် |
| လမ်းပန်းဆက်သွယ်ရေးလမ်း၊တံတား ကောင်းမွန်လာစေရေး | ၉။ပို့ဆောင်ရေးအခြေခံဆောက်အဦများ တိုးတက်လာစေရေး | ၉၀ | ၁ | -ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း<br>-ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း<br>-ရွာတွင်း ကွန်ကရစ်လမ်းများတည်ဆောက်ခြင်း | ကျေးလက်ဦးစီးဌာန |
| အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း | ၄။အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | ၈၅ | ၂ | -ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း<br>(စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်)<br>-အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း<br>-အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ သက်ဆိုင်ရာမူဝါဒ၊နိုင်ငံခြားသို့ အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းမူဝါဒ | ကျေးလက်ဦးစီးဌာန |
| ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းချေးငွေလက် | ၅။သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် | ၈၀ | ၃ | -ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>-အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း<br>-အကျိုးတူကန်ထရိုက်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင် | ကျေးလက်ဦးစီးဌာန သမဝါယမဦးစီးဌာန |

| | | | | | |
|---|---|---|---|---|---|
| လှမ်းမှီရေး | ချိတ်ဆက်ရေး | | | ရန် တောင်းခံခြင်း | |
| ကျန်းမာရေး ကျေးရွာ၏ကျန်း မာရေးတိုးတက် လာစေရေး | ၇။ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၆၅ | ၆ | -ကျေးလက်ဆေးပေးခန်းအဖြစ် တောင်းခံခြင်း မြို့နယ်ကျန်းမာရေး ဌာနနှင့်ချိတ်ဆက်ခြင်း<br>-ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း | ကျန်းမာ ရေး ဦးစီး ဌာန |
| လူငယ် ယဉ်ကျေးမှုနှင့် အားကစား လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာ စေရေး | ၁၀။လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး စာပေဗဟုသုတလေ့ လာနိုင်စေရေး | ၆၀ | ၇ | -အားကစားကွင်းနှင့် ပစ္စည်းများတင်ပြတောင်းခံခြင်း<br>-စာကြည့်တိုက်များတည်ဆောက်ခြင်း၊စာပေဟောပြောပွဲများ ပြုလုပ်ခြင်း<br>-မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း<br>-ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း | အား/ကာ ဦးစီးဌာန ပြန်ဆက် ဦးစီးဌာန |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | **စီမံချက်(Project)** | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေး အခြေခံဆောက်အဦ များ တိုးတက်လာ စေရေး | ၁ | A | A | A | A | A |
| ၂ | အလုပ်အကိုင်အခွင့်အလမ်းများပြား လာစေရေး | ၂ | A | A | A | A | A |
| ၃ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း | ၃ | A | A | A | A | A |
| ၄ | ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး | ၄ | | | A | A | A |
| ၅ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်ရေး | ၅ | | A | A | A | A |
| ၆ | ကျေးရွာ၏ ကျန်းမာရေးတိုးတက်လာစေရေး | ၆ | A | A | A | A | A |
| ၇ | မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်လာစေရေး | ၇ | A | A | A | A | A |
| ၈ | မူးယစ်ဆေးဝါးပပျောက်ရေး | ၈ | A | A | A | A | A |
| ၉ | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး | ၉ | A | A | A | A | A |
| ၁၀ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး | ၁၀ | A | A | A | A | A |

**၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာအဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်

ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှု အထောက်အပံ့ |
| ၁ | မူးယစ်ဆေးဝါးပပျောက်ရေး | √ | | | | |
| ၂ | ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး | | | √ | | |
| ၃ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး | √ | | | | |
| ၄ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | | √ | | | |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး | | √ | | | |
| ၆ | မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး | | | √ | | |
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး | | | | √ | |
| ၈ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | | | √ |
| ၉ | သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး | | | √ | | |
| ၁၀ | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး | | | | √ | |

## ၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

### (က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုအပ်ပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ)**ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ

– စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင် ၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်သွားပါမည်။

(၁၁)**စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး

လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က)**ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါသည်။(၃)လပတ်ကုန် ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်အလက်များအပေါ် ဦးတည်ပါမည်။

(၁) **လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) **ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊

– ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ(၂-၃)မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော် ပြပါမည်။၎င်းအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်သည်။

(ခ)**နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်(၁)နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်စေပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း /ပုဂ္ဂိုလ် များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

